

# သဘာဝသယံဇာတ ဖက်ဒရယ်စနစ် –

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

Natural Resource Governance Institute


Natural
Resource
Governance
Institute

လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝသယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများအား မိမိတိုင်းပြည်မှထွက်သော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တုတွင်းထွက်များကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာအကြံပေးခြင်းနှင့် စည်းရုံးရေးပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။

Learn more:
www.resourcegovernance.org


## မြန်မာနိုင်ငံသည် သဘာဝ သယံဇာတများ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံး နီးပါးတွင် ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက် တူးဖော်ရေးလုပ်ငန်းများရှိသည်။



## ဒေသအဆင့်၊ ပြည်နယ်အဆင့် ခေါင်းဆောင်များ၊ လက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် သဘာဝသယံဇာတ စီမံမှုတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်တောင်းဆိုထားကြသည်။


သမိုင်းတလျှောက်လုံး သဘာဝသယံဇာတများကို ပြည်ထောင်စု အစိုးရကသာ စီမံခဲ့သည်။



ပြည်နယ်အဆင့်ဒေသသို့ စီမံခွင့်ပေးရန် တောင်းဆိုမှုများ တစတစ ကျယ်လောင်လာသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဖက်ဒရယ်အခြေခံဖြင့်သဘာဝသယံဇာတ ခွဲဝေခြင်းအနှစ်သာရများ ပေါင်းစပ်နိုင်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။ ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတည်ထောင်ရန် အတွက်ရည်ရွယ်လျက် ပြုလုပ်နေခြင်းဖြစ်သည်။



ဆွေးနွေးမှုများအရှိန်ရလာသည်နှင့်အမျှ မူဝါဒရေးဆွဲမည့်သူများအနေဖြင့် ဖက်ဒရယ်နိုင်ငံတွင် သဘာဝသယံဇာတများကို မည်သို့ စီမံမည်ကို ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

## သဘာဝသယံဇာတ ဖက်ဒရယ်စနစ်။

သဘာဝသယံဇာတကို ဖက်ဒရယ်စနစ်ဖြင့်ခွဲဝေခြင်းဆိုသည်မှာ သဘာဝသယံဇာတ များကို စီမံနိုင်သည့် လုပ်ပိုင်ခွင့်များကို ပြည်နယ်ဒေသအဖွဲ့ အစည်းများသို့ ခွဲဝေပေးခြင်း ဖြစ်သည်။ လုပ်ပိုင်ခွင့်များခွဲဝေရာတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နိုင်သည်။



ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးဆွဲနိုင်ခွင့်၊



ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ လက်တွေ့အကောင်အထည်ဖော်နိုင်ခွင့်၊



စည်းမျဉ်းစည်းကမ်းများ သက်ရောက်စိုးမိုးမှုကို စောင့်ကြည့် ကြပ်မတ်နိုင်ခွင့်၊ လိုက်နာစေရန် တိုက်တွန်းဆောင်ရွက်ခွင့် တို့ဖြစ်ပါသည်။

## သဘာဝသယံဇာတများကို ဖက်ဒရယ်စနစ်ဖြင့် ခွဲဝေရန်အတွက် မူဝါဒ ရေးဆွဲသူများသည် အရေးပါသည့် ကိစ္စအချို့ကို မေးခွန်းထုတ်ရန် လိုသည်။



မည်သည့်အစုအဖွဲ့က ရေနံ၊ ဓာတ်ငွေ့နှင့် တွင်းထွက် ကုမ္ပဏီများအား တူးဖော်ခွင့်နှင့် ထုတ်လုပ်ခွင့် လိုင်စင်များချထားပေးမည်နည်း။



မြေအသုံးချခွင့် နှင့် ပိုင်ဆိုင်မှု အငြင်းအခုန်များ ကို မည်သည့်အစုအဖွဲ့က စီမံဖြေရှင်းမည်နည်း။



အခွန်၊ တွင်းဝခွန်များနှင့် အခကြေးငွေများကို မည်သည့်အစုအဖွဲ့က ကောက်ခံမည်နည်း။



သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများကို မည်သည့်အစုအဖွဲ့မှ စီမံဖြေရှင်းမည်နည်း။



လုပ်ငန်းခွင်ဆိုင်ရာ ဘေးကင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများကို မည်သည့် အစုအဖွဲ့မှ ကြီးကြပ်မည်နည်း။



ဒေသခံများကို အလုပ်ခန့်ထားရေး၊ ဒေသထွက်ကုန်များ ဝယ်ယူရေး သတ်မှတ်ချက်များကို မည်သည့် အစုအဖွဲ့က ဆုံးဖြတ်၊ အကောင်အထည်ဖော်မည်နည်း။



တနိုင်တပိုင်နှင့် အသေးစား တူးဖော်မှုများကို မည်သည့် အစုအဖွဲ့က ကြီးကြပ်မည်နည်း။

# လုပ်ပိုင်ခွင့်များခွဲဝေပေးရာတွင် အားလုံးအတွက်အဆင်ပြေသည့် နည်းလမ်း မရှိပါ။



### တာဝန်များခွဲဝေယူခြင်း

ဗဟိုအစိုးရသည် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်အတည်ပြုပြီး ပြည်နယ်ဒေသအဆင့်အစိုးရများသည် အကောင်အထည်ဖော်ခြင်း နှင့် စောင့်ကြည့်ခြင်းကို တာဝန်ယူလေ့ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအဆင့်သတ်မှတ်ထားသည့် အနိမ့်ဆုံး စံနှုန်းများကို ထိန်းသိမ်းနိုင်သကဲ့သို့ ဆုံးဖြတ်ချက်ချမည့်သူများကိုလည်း တူးဖော်ရေးလုပ်ငန်းများကြောင့် တိုက်ရိုက်နစ်နာမှုရှိသူများနှင့် နီးစပ်မှုရှိသွားစေသည်။



### ပူးတွဲတာဝန်ယူခြင်း

ဗဟိုအစိုးရနှင့် ပြည်နယ်ဒေသအဆင့် အစိုးရများ ပူးတွဲတာဝန်ယူသည့် ပုံစံကိုလည်း မကြာခဏတွေ့မြင်ရသည်။ ဥပမာ တူးဖော်ရေး သို့မဟုတ် ထုတ်လုပ်ရေး လိုင်စင်များ ချထားပေးရာတွင် အစိုးရ အဆင့် ၂ ဆင့်လုံး ပါဝင်လျက်ချထားပေးသည့် နိုင်ငံအများအပြားရှိသည်။ လိုင်စင်ဆိုင်ရာ ဆုံးဖြတ်ချက်များချရန် အတွက် အဆင့်အသီးသီး၏ထောက်ခံမှုကို လိုအပ်သောကြောင့်ဖြစ်သည်။



ဥပမာအားဖြင့် **မွန်ဂိုလီးယား**တွင် နိုင်ငံအဆင့်ဥပဒေများအရ ခရိုင်အုပ်ချုပ်ရေးမှူးများသည် သဘာဝ ဝန်းကျင်ဆိုင်ရာ စည်းကမ်းဖောက်ဖျက်မှုများကို ပြစ်ဒဏ်ချနိုင်ခွင့်ရှိသည်။ **အိန္ဒိယ** တွင်လည်း ဗဟိုအစိုးရဥပဒေဖြင့် တွင်းထွက်တူးဖော်ရေးလိုင်စင်များ၊ သဘာဝ ဝန်းကျင် ဆိုင်ရာ ခွင့်ပြုမိန့်များကို ပေးသည်။ အကောင်အထည်ဖော်ခြင်းကိုမူ ပြည်နယ်များက တာဝန်ယူသည်။



**ဖိလစ်ပိုင်နိုင်ငံ** တွင် တွင်းထွက်တူးဖော်ရေးလိုင်စင်ကို ဗဟိုအဆင့် ဝန်ကြီးဌာနက ချပေးသည်။ သို့သော်လည်း ဒေသန္တရအစိုးရများ၏ အတည်ပြုချက်လိုသည်။ ဌာနေလူမျိုးများ၏ အတည်ပြုချက်လိုအပ်သည့် ကိစ္စအချို့လည်းရှိသည်။ **ဩစတေးလျနိုင်ငံ**တွင် ကမ်းလွန်ရေနံ လုပ်ကွက်လိုင်စင်များကို နိုင်ငံအဆင့်ဝန်ကြီးနှင့် ပြည်နယ် သို့မဟုတ် ဒေသမှ ဝန်ကြီးတို့ ပူးတွဲဆုံးဖြတ်ကာ တာဝန်ချထားပေးသည်။



## ပြည်နယ်ဒေသအဆင့်သို့ လွှဲထားပေးလေ့ရှိသော လုပ်ပိုင်ခွင့်များ

တပြည်ထောင်စနစ် နိုင်ငံများတွင်ပင် အချို့သော လုပ်ပိုင်ခွင့်များကို ပြည်နယ်အဆင့်အစိုးရများသို့ လွှဲထားပေးလေ့ရှိသည်။ တူးဖော်ရေးကဏ္ဍကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ဖြေရှင်းရာတွင် အထူးသဖြင့် အကျိုးရှိသည်။ ဒေသခံများက ဆိုးကျိုးများကို အဓိကခံစားနေရပြီး ဒေသခံ ဝန်ထမ်းများက အချက်အလက်များ ပို၍ပြည့်စုံစွာရရှိနေသည့် အနေအထားမျိုးတွင် ပို၍သင့်တော်သည်။ ကျန်းမာရေး၊ ဘေးကင်းရေး နှင့် သဘာဝဝန်းကျင်ဆိုင်ရာ စောင့်ကြည့်ခြင်း၊ တနိုင်တပိုင်တူးဖော်မှုများကို ကြီးကြပ်ခြင်း ကိစ္စရပ်များကို ပြည်နယ်ဒေသအဆင့် ဌာနများက ဆောင်ရွက်လေ့ရှိသည်။



## ဗဟိုက ချုပ်ကိုင်ထားလေ့ရှိသည့်လုပ်ပိုင်ခွင့်များ

ဖက်ဒရယ်နိုင်ငံများတွင်ပင် ဗဟိုအစိုးရများက ချုပ်ပိုင်ထားသည့် လုပ်ပိုင်ခွင့်များရှိသည်။ အခွန်နှင့် တွင်းဝခွန်နှုန်းသတ်မှတ်ခြင်း၊ အဓိက အခွန်အမျိုးအစားများ ကောက်ခံခြင်း၊ အကြီးစား တူးဖော်မှု စာချုပ်ညှိနှိုင်းခြင်း၊ အထူးသဖြင့် ကမ်းလွန် ရေနံနှင့် ဓာတ်ငွေ့ လုပ်ကွက်များကို ဗဟိုကချုပ်ပိုင်ထားသည်။



**ဖိလစ်ပိုင်နိုင်ငံ**တွင် တနိုင်တပိုင်နှင့် အသေးစား လုပ်ငန်းလိုင်စင်များကို ဒေသအဆင့်ဘုတ်အဖွဲ့က ချထားပေးသည်။ **မွန်ဂိုလီးယား** တွင်မူ တူးဖော်ရေး ကုမ္ပဏီများသည် ဒေသအာဏာပိုင်များနှင့် ပူးတွဲ၍ အလုပ်အကိုင်ဖန်တီးရေး အစီအစဉ်များ ရေးဆွဲရမည်ဟု ဥပဒေအရ ပြဋ္ဌာန်းထားသည်။



**မလေးရှား**တွင် ကမ်းလွန်ရေနံတွင်းဝခွန်များကို ဗဟိုအစိုးရက ကောက်ခံသည်။ **အိန္ဒိယ**တွင် ကုန်းတွင်းရေနံအတွက် တွင်းဝခွန်ကို ပြည်နယ်များက ကောက်ခံသော်လည်း ဗဟိုအစိုးရ သတ်မှတ်ထားသည့် နှုန်းအတိုင်းကောက်ခံရသည်။ ကမ်းလွန်ရေနံအတွက် တွင်းဝခွန်ကို ဗဟိုအစိုးရက ကောက်ခံသည်။

## မြန်မာနိုင်ငံတွင် သဘာဝသယံဇာတများကို ဖက်ဒရယ်နည်းကျခွဲဝေမည် ဆိုပါက ထည့်သွင်းဆောင်ရွက်ရမည့် အချက် ၆ ချက်။




အစိုးရမည်သည့်အဆင့်သို့ လုပ်ပိုင်ခွင့်လွှဲပြောင်းပေးသည်ဖြစ်စေ အစိုးရ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာသတ်မှတ်ထားရမည်။



လုပ်ပိုင်ခွင့်များကို ပိုင်ပိုင်နိုင်နိုင်အသုံးချပြီး တာဝန်ကျေစွာဆောင်ရွက်နိုင်ရန် အစိုးရ အဆင့်ဆင့်တွင်စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များရှိနေစေရန် ဆောင်ရွက်ထားရမည်။



သဘာဝ ဝန်းကျင်၊ လူမှုဝန်းကျင်ဆိုင်ရာ အနိမ့်ဆုံး စံနှုန်းများကို ထိန်းသိမ်းထားရမည်။



အပြန်အလှန်ဆွေးနွေးမှုပြုလုပ်နိုင်ရန်၊ မတူညီသည့် အစိုးရအဆင့်များကြား၊ နယ်မြေများကြား၊ သတင်းအချက်အလက်များ ဖလှယ်ရန် လမ်းကြောင်းတစ်ခု ဖန်တီးထားရမည်။



ဒေသပေါ်တွင်ဆိုးကျိုးပေါ်ပေါက်လာမည့် ကိစ္စများ ဆုံးဖြတ်ရာတွင် ဒေသခံရပ်ရွာများကဲ့သို့သော အစိုးရမဟုတ်သည့် အစုအဖွဲ့ များကိုလည်း ပါဝင်စေရမည်။



ဆုံးဖြတ်ချက်များ၊ ရလဒ်များ နှင့်ပတ်သက်ပြီး အစိုးရအဆင့်တိုင်းက ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ရန် ဆောင်ရွက်ရမည်။

အစီရင်ခံစာ အပြည့်အစုံကို ဖတ်ရှုနိုင်ရန်အတွက် –



သဘာဝ သယံဇာတ ဖက်ဒရယ်စနစ် –
မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

NRGI | ဇန်နဝါရီ၊ ၂၀၁၈။

Available at www.resourcegovernance.org

Natural Resource Governance Institute

Natural
Resource
Governance
Institute